# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၃)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၅-၂-၂၀၁၉ ရက်နေ့မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယျားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းတွင် လောလောဆယ် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ(၁၁)ဦးနှင့် ဝန်ထမ်း(၄)ဦး အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း က မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းတွင် လောလောဆယ် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာ(၁၁)ဦးနှင့် ဝန်ထမ်း(၄)ဦး အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး လွှတ်တော် တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်

အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက်မှာရှိတဲ့ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှာ လောလောဆယ် လိုအပ်လျက်ရှိတဲ့ အထက်တန်းပြဆရာ(၁၁)ဦးနှင့် ဝန်ထမ်း(၄)ဦးကို အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့ အမှတ်(၂)အ.ထ.ကမှာ ကော့ထင်း ကျေးရွာ၊ လက်ပြကျေးရွာ၊ ကမ်းနီကျေးရွာ၊ လှည်းလမ်းကူးကျေးရွာစတဲ့ ကျေးရွာများက လာရောက်တဲ့ ကျောင်းသားများအပါအဝင် အထက်တန်းအဆင့် ကျောင်းသားပေါင်း၊ ကျောင်းသူပေါင်း(၇၆၉)ဦး ရှိပါ တယ်။ စာသင်ခန်းပေါင်း(၁၂)ခန်းရှိလို့ တစ်ခန်းမှာ ပျမ်းမျှ ကျောင်းသားဦးရေ(၆၄)ဦးခန့် တက်ရောက် သင်ကြားလျက်ရှိပါတယ်။ ဘာသာတွဲများကတော့ ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲ ဘာသာတွဲ(၃)ခုကို သင်ကြားပေးနေပြီးတော့ ဘာသာရပ်ပေါင်း(၉)ခု ရှိပါတယ်။ အခန်း(၁၂)ခန်း ရှိတာကြောင့် တစ်ပတ်မှာ စာသင်ချိန် (၃၅)ချိန်နဲ့တွက်ရင် စာသင်ချိန်ပေါင်း(၄၂၀)ရှိပါတယ်။ လက်ရှိ ခန့်ထားတဲ့ ဆရာဦးရေက (၁၄)ဦးဖြစ်ပြီးတော့ (၁)ဦးက ဆေးခွင့်ခံစားနေတာကြောင့် အထက်တန်းပြ ဆရာ(၁၃)ဦးကသာ စာသင်ကြားနေရပါတယ်။ ဆရာ(၁)ဦးရဲ့ ရက်သတ္တပတ် တစ်ပတ်စာ စာသင်ချိန် ပေါင်းဟာ (၃၂)ချိန်ခန့် ရှိနေပါတယ်။ ဇီဝဗေဒဘာသာရပ်ဆရာ လုံးဝမရှိလို့ ကျောင်းအုပ်ဆရာနဲ့ ဆရာ၊ ဆရာမများက ခွဲဝေသင်ကြားပေးနေရတဲ့ အခြေအနေရှိပါတယ်။

ကျိုက်ထိုမြို့ အ.ထ.က(၂)မှာ ဘာသာရပ်အလိုက် လိုအပ်နေတဲ့ ဆရာများကတော့ ဇီဝဗေဒ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ဘာသာရပ်တွေအတွက် (၁)ဦးစီ စုစုပေါင်း(၅)ဦး လိုအပ်နေ ပြီးတော့ အင်္ဂလိပ်စာပြဆရာ(၃)ဦး၊ မြန်မာစာပြဆရာ(၁)ဦး လိုအပ်လျက်ရှိပါတယ်။ ဒီကြားထဲမှာ ဆရာမ(၁)ဦးက ပြောင်းသွားလို့ စုစုပေါင်း သင်ကြားရေးမှာ ဆရာ၊ ဆရာမများ (၁၁)ဦး လိုအပ်လျက် ရှိပါတယ်။ အထက်တန်းပြ ကာယဆရာတစ်ဦးလည်း ပင်စင်ခံစားခွင့် (LPR) ခံစားနေလို့ ကာယဆရာ (၁)ဦးလည်း လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုမျိုး အ.ထ.က(၂)ရဲ့ ကျောင်း၊ ရုံး အခြေအနေကို ဆက်လက်တင်ပြသွားပါရစေ။ ကျောင်းမှာ ခန့်ထားတဲ့ စာရေး-၂(၁)ဦးဟာလည်း LPR ခံစားနေပြီဖြစ်လို့ စာရေး(၁)ဦး လိုအပ်နေပြီဖြစ်ပါတယ်။ စာကူးစက်လှည့်(၁)ဦး၊ ယာဉ်မောင်း(၁)ဦး နေရာမှာလည်းပဲ လစ်လပ်နေပါတယ်။ အဲဒါအပြင်ကို အလယ်တန်းပြ PGDMA (၁)ဦးကလည်း ပြောင်းရွှေ့သွားလို့ ဝန်ထမ်း(၄)ဦး အားလုံးပေါင်း လစ်လပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အမှတ်(၂)အ.ထ.က အခြေခံပညာအထက်တန်းကျောင်းမှာ လောလောဆယ် လိုအပ်လျက် ရှိတဲ့ အထက်တန်းပြဆရာ(၁၁)ဦးနှင့် ဝန်ထမ်း(၄)ဦးကို အမြန်ဆုံး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးပါ။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ပညာရေးကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ပညာရေးကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ပညာရေးကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်း အဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ဟာ ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်ပြီးတော့ အကျယ်အဝန်းက (၃၇၈.၆၅)စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ အရှေ့မှ အနောက်သို့ (၂၄)မိုင်၊ တောင်မှ မြောက်သို့ (၂၈)မိုင် ရှည်လျားစွာ တည်ရှိနေပါတယ်။ ရပ်ကွက်ကြီး (၂၁)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၃)အုပ်စု၊ ကျေးရွာပေါင်းက(၈၂၀)ရှိပြီးတော့ ၂၀၁၆ ခုနှစ် လူဦးရေစာရင်းအရ မြို့နေနှင့် ကျေးလက်နေ လူဦးရေက(၃၃၀၂၅၁)ဦး ရှိကြောင်း သိရှိရပါတယ်။ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း (၃၅၃)ကျောင်း ရှိပြီးတော့ ဆရာ၊ ဆရာမ(၂၇၇၇)ဦးတို့ ရှိနေကြောင်းနဲ့ ကျောင်းသား၊ ကျောင်းသူက(၅၄၈၅၇)ဦးတို့ ပညာသင်ကြားနေကြောင်း သိရှိရပါတယ်။

ကျွန်တော်တို့ ဟင်္သာတမြို့မှာ ဟင်္သာတတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စက်မှုအထက်တန်းကျောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းများရှိနေသော်လည်းပဲ စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် ပညာရေးကောလိပ်ကျောင်းများ ဖွင့်လှစ်ထားခြင်း မရှိပါဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာဆိုလို့ရှိရင် ပုသိမ်မြို့၊ ဘိုကလေးမြို့နှင့် မြောင်းမြမြို့တွေမှာ ပညာရေးကောလိပ်များ ဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။ လူဦးရေ ထူထပ်ပေါများတဲ့ ဟင်္သာတမြို့လို ခရိုင်မြို့ကြီးတွင်လည်း ပညာရေးကောလိပ် ရှိသင့်ပါတယ်။ ကျွန်တော်တို့ ဟင်္သာတမြို့ဟာ ဧရာဝတီတိုင်းဒေသကြီးရဲ့ အလယ်ဗဟိုမှာရှိပြီးတော့ ပညာရေးကောလိပ် ဖွင့်လိုက်မယ်ဆိုလို့ ရှိရင် ဟင်္သာတခရိုင်အတွင်းမှာရှိတဲ့ ဇလွန်၊ ဟင်္သာတ၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း (၆)မြို့နယ်အပြင် အနီးပတ်ဝန်းကျင်မှ မြို့နယ်တွေဖြစ်တဲ့ ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ညောင်တုန်း ပဲခူးတိုင်းဒေသကြီးအတွင်း လက်ပံတန်းမြို့နယ်တို့က ဆရာ၊ ဆရာမလောင်းတွေ လွယ်လွယ်ကူကူ လာရောက်ပြီးတော့ သင်တန်းတွေ တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးကောလိပ် ဖွင့်လှစ်ပေးဖို့နဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စပါးကျီဖြစ်တယ်လို့ တင်စားခေါ်ဝေါ်လေ့ရှိတဲ့အတိုင်း ဟင်္သာတမြို့က ဒေသခံပြည်သူ လူထုတွေက စိုက်ပျိုးရေးကို အဓိကထားတဲ့ တောင်သူလယ်သမားတွေ ဖြစ်ကြပါတယ်။ စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံတို့ကို စိုက်ပျိုးထုတ်လုပ်တဲ့ မြို့ဖြစ်တဲ့အတွက် စပါးစိုက်ဧကပေါင်းဟာလည်းပဲ (၁၃၀၅၄၂)ဧက ရှိကြောင်း သိရပါတယ်။ တောင်သူလယ်သမား အများစုရှိနေတဲ့အတွက် စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ အခြေခံပညာအထက်တန်းအောင် လူငယ်များအတွက် စိုက်ပျိုးရေး ပညာရပ်များ လွယ်ကူစွာ သင်ယူနိုင်ခွင့်ရရှိစေဖို့အတွက် ရည်ရွယ်ပြီးတော့ လူငယ်မောင်မယ်များ အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းတွေ လိုအပ်နေပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့မှာ ပညာရေးကောလိပ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းတို့အား တည်ထောင်ဖွင့်လှစ် ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်ဝပါ စေကြောင်းဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် ပညာရေး နဲ့သက်ဆိုင်တဲ့ မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဖြစ် ၃-၆-၁၉၇၃ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားလာခဲ့ရာမှာ တစ်နှစ်ထက်တစ်နှစ် ကျောင်းသား၊ ကျောင်းသူ ဦးရေ များပြားလာခဲ့ခြင်း ၃-၆-၁၉၇၅ ရက်နေ့မှာ အစိုးရမူလတန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့

ပါတယ်။ ၁-၆-၂၀၀၅ ရက်နေ့မှာ မူလတန်း(လွန်)ကျောင်းအဖြစ်သို့လည်းကောင်း၊ ၁၈-၆-၂၀၁၄ ရက်နေ့မှာ အလယ်တန်းကျောင်း(ခွဲ)အဖြစ်သို့လည်းကောင်း၊ ၂-၆-၂၀၁၇ ရက်နေ့မှာ အလယ်တန်းကျောင်းအဖြစ် အဆင့်ဆင့် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၁၇၃)ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၂၁၅)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရပါတယ်။

ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဟာ ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိခြင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူမိဘများမှ ပညာရေးကို လိုလားပြီး တတ်အားသရွေ့ ပံ့ပိုးကူညီခြင်းတို့အပြင် ပင်မကျောင်းဖြစ်သော မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့မှ ခရီး(၆)မိုင် (၄)ဖာလုံခန့်ဝေးကွာသဖြင့် မိုးတွင်းအခါ သွားလာရန် ခက်ခဲလှပါတယ်။ ကျောင်းသားဦးရေစာရင်းအရ ကျောင်းအဆင့်တိုးဆိုင်ရာ သတ်မှတ်ချက်မှုများနှင့် မပြည့်စုံသော်လည်း (၆)မိုင် (၄)ဖာလုံခန့်ရှိသည့် ပင်မကျောင်းနှင့် ဝေးကွာသည့်ခရီးဖြစ်သည့်အတွက် ကျေးရွာလူထုနှင့် ကျောင်သားမိဘများက အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် ဆန္ဒပြင်းပြနေကြပါတယ်။

အခြေခံပညာအလယ်တန်းကျောင်း ဘဲလမုကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ မိမိကျေးရွာမှာပင် အထက်တန်းပညာကို ဆက်လက်သင်ကြားခွင့်ရရှိပြီး ကျောင်းထွက်နှုန်းလျော့ကျလာနိုင်ခြင်း၊ မိဘအုပ်ထိန်းသူနှင့် ရင်အုပ်မကွာနေထိုင်နိုင်ခြင်း၊ အခြားရပ်ရွာသို့ သွားရောက်ပညာမသင်ကြားနိုင်သော ကျောင်းသား၊ ကျောင်းသူများလည်း မိမိကျေးရွာ၌ပင် ပညာကိုပြီးဆုံးအောင် ဆက်လက်သင်ကြားနိုင်ခြင်း၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု ပိုမိုကျဉ်းမြောင်းလာနိုင်ခြင်း၊ အနာဂတ်တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်းများရရှိအထောက်အကူပြုနိုင်ခြင်းတို့ကြောင့် ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မှောင်ကွန်(၂)ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မှောင်ကွန်(၂)ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။**　　။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ မှောင်ကွန်(၂)ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှောင်ကွန်(၂) မှောင်ကွန်(၁) ရွာသစ်မှာ ဒီ မိခင်ကျောင်းဖြစ်တဲ့ အထက်တန်းကျောင်း သီးဘွာလ်မှာဆိုရင် (၁၁)မိုင်ခန့်ကွာဝေးပြီးတော့ လမ်းများဟာလည်း မိုးရာသီတွင် ကြမ်းတမ်းခက်ခဲပြီး ကျောင်းသား၊ ကျောင်းသူများအတွက် သွားလာရေး အလွန်ခက်ခဲပါတယ်။ ဒါ့အပြင် အဆိုပါကျောင်း၊ အဆိုပါလမ်းတွင် တောင်ကျချောင်းနှစ်ခုရှိပြီး နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် အန္တရာယ်များသဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရန် ပျက်ကွက်လျက်ရှိပါတယ်။ ထိုသို့ဖြစ်ရခြင်းကြောင့် ကျောင်းဆက်မတက်နိုင်တဲ့ ကျောင်းသား၊ ကျောင်းသူများလည်းရှိပါတယ်။ ကျေးရွာရဲ့တည်နေရာ၊ လူဦးရေတိုးပွားလာမှု၊ မိဘပြည်သူများရဲ့ လိုအပ်ချက်များ စတဲ့အချက်များကြောင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်လှစ်သင့်တဲ့နေရာ ဖြစ်ပါတယ်။

ရေ၊ မီး၊ ကျောင်းသုံးပရိဘောဂလည်း အပြည့်အစုံရှိပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း လူနေအိမ်၊ လူဦးရေတိုးပွားလျက်ရှိပါတယ်။ ဒီလမ်းကို ဖြတ်ပြီးတော့ ကုန်သွယ်ရေးလမ်းလည်း ဖောက်လုပ်ဖို့ စီစဉ်လျက်ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မှောင်ကွန်ရွာ(၁)၊ မှောင်ကွန်ရွာ(၂) ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်သင်ကြားနေရသော စာသင်ကျောင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ဖွင့်လှစ်သင်ကြားနေရသော စာသင်ကျောင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**


**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်အတွင်း ပညာသင်ကြားရန် အခွင့်အလမ်းနည်းပါးခဲ့ရသဖြင့် ကိုယ့်အားကိုယ်ကိုး

အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားနေကြရသော ကျေးလက်မူလတန်းအဆင့် စာသင်ကျောင်းများနှင့် ပတ်သက်၍ အဆင့်မြှင့်တင် သင်ကြားပေးနိုင်ရန် ရည်ရွယ်ပြီး ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်ရှိ စီကန်လိုက်ကျေးရွာ၊ လိုင်ကင်းကျေးရွာ၊ ပြန်လန်း ကျေးရွာနှင့် ရောင်ပလျှက်ကျေးရွာတို့သည် ဆက်သွယ်ရေးခက်ခဲသောကြောင့် ဒေသခံ ဆရာ၊ ဆရာမ အင်အားဖြင့် ကိုယ်ပိုင်ကျောင်း တည်ဆောက်ဖွင့်လှစ်သင်ကြားနေကြရပါတယ်။ ကျေးရွာအကြီး၊ အငယ် အလိုက် သင့်တင့်မျှတသော ကလေးဦးရေရှိပါတယ်။ စာသင်ကျောင်း အဆောက်အအုံများကိုလည်း မိမိတို့ တတ်နိုင်သည့်အင်အားဖြင့် တည်ဆောက်ထားပြီး စာသင်ကျောင်းပရိဘောဂများ ဖြည့်ထား သည်ကို တွေ့ရှိရပါတယ်။ ကျွန်တော့်ကို Slide ဖြင့် တင်ပြခွင့်ပြုဖို့ပါ။

သို့ဖြစ်ပါ၍ ဒေသခံတိုင်းရင်းသားရင်သွေးငယ်များ အခြေခံပညာသင်ကြားခွင့် တန်းတူရရှိရန် ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အောက်ပါမေးခွန်း များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်ခရိုင်၊ ပန်ဝိုင်မြို့နယ်အတွင်းရှိ စီကန်လိုက်ကျေးရွာ၊ လိုင်ကင်းကျေးရွာ၊ ပြန်လန်းကျေးရွာနှင့် ရောင်ပလျှက်ကျေးရွာတို့တွင် ကိုယ်အားကိုယ်ကိုး ဖွင့်လှစ်သင်ကြားနေကြရသော စာသင်ကျောင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ပန်ဝိုင်မြို့နယ် လိုင်ကင်းကျေးရွာ မူလတန်းကျောင်း မှတ်တမ်းဓာတ်ပုံ မြင်ကွင်းပုံ(ဒ)







ပန်ဝိုင်မြို့နယ် ပြန်လန်းကျေးရွာ မူလတန်းကျောင်း မှတ်တမ်းဓာတ်ပုံ မြင်ကွင်းပုံ (ဒ-၁)



ပန်ဝိုင်မြို့နယ် စီကန်လိုက်တိုက်နယ်ကျေးရွာ မူလတန်းကျောင်း မှတ်တမ်းဓာတ်ပုံ မြင်ကွင်းပုံ(ဒ-၂)



**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ သစ်ပုတ်တောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ သစ်ပုတ်တောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာဖြစ်တဲ့ အ.ထ.က(ခွဲ) သစ်ပုတ်တောင်ကို အ.ထ.က ကျောင်းအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ အ.ထ.က(ခွဲ) သစ်ပုတ်တောင်ဟာဆိုလို့ရှိရင် ၂၀၀၉ ခုနှစ်ကတည်းက အ.ထ.က(ခွဲ)အဖြစ်ရောက်ရှိနေတာ အခုဆိုရင် (၁၀)နှစ်ကျော်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အခုထက်ထိ အ.ထ.က(ခွဲ)အဆင့်မှာပဲရှိနေပါတယ်။ ပင်မ ရမ်းဗြဲမြို့နယ်ကျောင်းနှင့် (၈)မိုင်ကွာဝေး ပါတယ်။ (၈)မိုင်ကွာဝေးတယ်ဆိုပေမယ့်လည်း မူအားဖြင့်မပြည့်မီပေမယ့် ဒီ (၈)မိုင်ဆိုတဲ့လမ်းဟာ (၃)နာရီကျော် တောင်တွေ၊ တောတွေကြားထဲကို ဖြတ်သန်းရတဲ့ ပင်မကျောင်းအနေအထားမှာ ရှိနေ ပါတယ်။

သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးကတော့ အ.ထ.က(ခွဲ) သစ်ပုတ်တောင်ကနေပြီးတော့ အနီးအနားမှာရှိတဲ့ ရွာတွေကတော့ ဆက်သွယ်ရေး ကောင်းမွန်စွာရှိပါတယ်။ ရွာပေါင်း(၁၃)ရွာ ရှိပါတယ်။ အ.ထ.က(ခွဲ)ရှိတဲ့ သစ်ပုတ်တောင်ဟာဆိုလို့ရှိရင် အိမ်ခြေပေါင်း (၂၀၀)ကျော်ရှိပြီးတော့၊ လူဦးရေပေါင်း(၁၈၀၀)ကျော်နေထိုင်ပြီး ပတ်ဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူပေါင်း(၁၀၀၀)ကျော် ရေရှည်မှာနေပြီး ပညာသင်ကြားကြမယ့် အ.ထ.က(ခွဲ)ဖြစ်ပါတယ်။ ကျွန်မတို့ ကိုယ်စားလှယ်များဟာ လွှတ်တော်နားတဲ့အချိန် ပြည်သူနဲ့တွေ့ဆုံတဲ့အခါမှာ ၂၀၁၆ ခုနှစ်ကတည်းက ဒီကျောင်းကို အ.ထ.က(ခွဲ) မှ အ.ထ.က အဖြစ် တောင်းဖို့အတွက် ပြည်သူလူထုက တင်ပြကြပါတယ်။ အနီးအနားရပ်ရွာမှာရှိတဲ့ ပြည်သူလူထုကလည်း ပညာရေးကို အင်မတန် အားတက်သရောနဲ့ ဆောင်ရွက်ကြတာကို ကျွန်မ တွေ့ရှိရပါတယ်။

၂၀၁၆ ခုနှစ်ကတည်းက သူတို့ ကြိုးစားပါတယ်။ ကျွန်မကလည်း ဒီမှာ ဥက္ကဋ္ဌကြီး အမြဲမှာ ပါတယ်။ သက်ဆိုင်ရာနှင့် ညှိနှိုင်းတိုင်ပင်ပြီးတော့ ကျွန်မတို့ ဆောင်ရွက်ပါတယ်။ ညှိနှိုင်းတိုင်ပင်တဲ့ အခါမှာတော့ ဦးစားပေးကျောင်းအနေနဲ့ ၂၀၁၆ ခုနှစ်ကတည်းက ထည့်ထားပြီးသားဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ကျွန်မကို အကြောင်းပြန်ခဲ့ပါတယ်။ ဒါပေမဲ့ အခု ၂၀၁၉ ခုနှစ် အထိသာ ရောက်သွားတယ်။ ဒီကျောင်းက အရေးကြီးတဲ့ကျောင်း၊ ဦးစားပေးတဲ့ကျောင်းအနေနဲ့ ပါရှိမလာတာကို ကျွန်မတို့ စိတ်မကောင်းစွာတွေ့ရပါတယ်။ ပြည်သူများနှင့် ပြန်လည်ဆုံတွေ့တဲ့အခါလည်း ပတ်ဝန်းကျင်မှာ

ရှိတဲ့ အ.ထ.က(ခွဲ) သစ်ပုတ်တောင်က ရွာလည်းမကြီးဘူး။ နောက်ထပ် (၂)မိုင်လောက်ပဲဝေးတဲ့ ရွာတွေကတော့ အ.ထ.က ဖြစ်သွားပြီး ပညာရေးကို အင်မတန်မှ အားပေးကြတဲ့ရွာကျလို့ရှိရင်တော့ အ.ထ.က(ခွဲ) အဖြစ် (၁၀)နှစ်ကျော်ကြာပြီဖြစ်ပေမယ့် မရရှိတဲ့အပေါ်မှာ ပြည်သူလူထု စိတ်မကောင်းဖြစ်ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မြို့နယ်ပညာရေးမှူးကို တွေ့ဆုံတဲ့အခါမှာ မေးကြည့်ပါတယ်။ မြို့နယ်ပညာရေးမှူးက ဘာပြန်ကြားသလဲဆိုလို့ရှိရင် သစ်ပုတ်တောင်ကျောင်းကို ၂၀၁၆ ခုနှစ်ကတည်းက မြို့နယ်ဦးစားပေးအနေနဲ့ ထည့်ပါတယ်။ ဒါပေမဲ့ အ.ထ.က ကျောင်းသားနည်းပေမယ့်လည်း အထက်ကနေပြီးတော့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေကို ချပေးလိုက်တာ ကျွန်တော်တို့ မတတ်နိုင်ပါဘူးလို့ ပြန်ဖြေကြားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြို့နယ်ဟာဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသေးတဲ့ မြို့နယ်ဖြစ်ပါတယ်။ မူအားဖြင့် (၁၀)မိုင်လို့ သတ်မှတ်ထားပေမယ့် (၈)မိုင်အတောအတွင်းမှာ လမ်းပန်းဆက်သွယ်ရေးဆိုးပြီးတော့ ပညာရေးကို အားပေးနေကြတဲ့၊ အခုလို နှစ်ပေါင်းများစွာ အထက်တန်းကျောင်းအဖြစ် ကြိုးပမ်းနေကြတဲ့ရွာတွေကို ကျွန်မတို့ အ.ထ.က အဖြစ် အဆင့်မြှင့်တင်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ ပြည်သူများသည် နှစ်ပေါင်းများစွာ ဒီလိုမျိုး စံပြည့်မီအောင်သူတို့ ကြိုးပမ်းလာခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာဆိုလို့ရှိရင် သူတို့မှာ ကျောင်းသားလူဦးရေ (၄၀၀)ကျော်ပဲရှိပါတယ်။ စံပြည့်တဲ့နှစ်မှာလည်း မရဘူးဆိုလို့ရှိရင် အခု ဘေးပတ်ဝန်းကျင်ကျောင်းများက ကျောင်းသားဦးရေ မပြည့်တာတောင်မှ အ.ထ.က ရသွားကြတဲ့အတွက်ကြောင့်မို့လို့ ကျောင်းသား၊ မိဘကြားထဲမှာ ထင်ယောင်ထင်မှားတွေ ဖြစ်စေခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ပြည်သူများရဲ့ ဆန္ဒအရ အ.ထ.က(ခွဲ)သစ်ပုတ်တောင်အား အ.ထ.က အဖြစ် အဆင့်မြှင့်တင်ပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ (၁၈)ကြိမ်မြောက်အထိ မိမိတို့နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မှုနှင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော ယခု(၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုများအား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ (၁၈)ကြိမ်မြောက်အထိ မိမိတို့နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မှုနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ယခု (၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုများအား သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ် ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က ဦးကျော်တုတ် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ (၁၈)ကြိမ်မြောက်အထိ မိမိတို့နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မှုနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ယခု(၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုများအား သိရှိလိုသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပညာရေးဥပဒေပါ ရည်မှန်းချက်၊ ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်ထဲမှာ အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေး၊ စံချိန်စံညွှန်းကောင်းများရရှိရေးကို ထိရောက်စွာဆောင်ရွက်ပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၊ အာရှအားကစားပြိုင်ပွဲများမှာ အောင်မြင်မှုရရှိစေရန်လို့ ပါရှိပါတယ်။ ၎င်းရည်မှန်းချက်များ အားလျော်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေတာဟာ မြင်သာထင်သာ တွေ့လာပြီဖြစ်ပါတယ်။ အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၁၉၈၁ ခုနှစ်၊ ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် စတင်ခဲ့ပြီး (၂)နှစ်(၁)ကြိမ်ကျင်းပခဲ့ကြောင်း သိရှိရပါတယ်။

ပြီးခဲ့တဲ့ ပြိုင်ပွဲတစ်လျှောက် (၁၈)ကြိမ်မြောက်အထိ မိမိတို့နိုင်ငံမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်တာတွေ၊ အောင်မြင်ခဲ့တာတွေ၊ ယခု (၁၉)ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ တက္ကသိုလ်ပေါင်းများစွာမှ ပြိုင်ပွဲဝင်အင်အား အားကစားသမား ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်ခဲ့ပုံတွေ၊ အချိန်ယူလေ့ကျင့်ခဲ့တာတွေ၊ ယခု ပြိုင်ပွဲယှဉ်ပြိုင်ခဲ့တဲ့ အားကစား (၁၇)မျိုးမှာ ပြိုင်ပွဲဝင်ကျောင်းသား စုစုပေါင်းနှင့် မိမိတို့နိုင်ငံမှ ပြိုင်ပွဲဝင် ကျောင်းသား ဘယ်လောက်ပါဝင်ခဲ့တယ်ဆိုတာတွေ၊ မိမိတို့နိုင်ငံ၏ ဓလေ့ရိုးရာအပါအဝင် ခမ်းနားစွာဖျော်ဖြေခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ အရှေ့တောင်အာရှတက္ကသိုလ်များမှ ပြိုင်ပွဲလာ ကျောင်းသား၊ ကျောင်းသူများနှင့် ချစ်ခင်ရင်းနှီးစွာ ကြိုဆိုဧည့်ခံနေရာချ တာဝန်ကျတဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ ပြိုင်ပွဲတွင် နေထိုင်စားသောက်ချိန်၊ အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက် တာဝန်ယူကူညီကြတဲ့ ဒေသအသီးသီးက ဆရာဝန်၊ သူနာပြုဆရာမ၊ ကြက်ခြေနီတွေ၊ လေ့ကျင့်အနားယူ ပြိုင်ပွဲဝင်သူအားလုံး အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင် အင်အားပြုသူတွေ၊ ပြိုင်ပွဲမတိုင်မီကတည်းက အချိန်ယူ ဝိုင်းဝန်းကြသူ အုပ်ချုပ်၊ ကြီးကြပ်၊ နည်းပြ၊ ဆရာကြီး၊ ဆရာမကြီးတွေ၊ ပြိုင်ပွဲကာလတစ်လျှောက် နေရာအသီးသီး အချိန်မလပ် လုံခြုံစောင့်ကြပ် အင်အားတွေ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ အားကစားသမားများအားလုံး မြတ်နိုးခုံမင်ခဲ့တဲ့ ယခု (၁၉)ကြိမ်မြောက် ၂၀၁၀ အမှတ်တံဆိပ်လေးဟာ အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားလေးရဲ့ လက်ရာဖြစ်တာတွေ စသည်ဖြင့် အစစအရာရာ စုပေါင်းအင်အားများစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့မှု အကြောင်းအချင်းအရာများအား တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်း (၁၉၈)ကျောင်းနည်းတူ ပြည်သူများမှ သိရှိလို၊ ဂုဏ်ယူမှတ်တမ်းပြုလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုသည်မှာ အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ (၁၈)ကြိမ်မြောက်အထိ မိမိတို့နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မှုနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ယခု(၁၉)ကြိမ်မြောက် အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုများအား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများအား ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၁၀)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၈၈)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၈)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (၈)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၅၅)ကျောင်းရှိပါတယ်။

ကျိုက်ထိုမြို့နယ်မှာ အထက်တန်းပြ ဆရာ၊ ဆရာမ (၁၄၃)ဦးနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ Grade 9, Grade 10 နှင့် Grade 11 ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၄၅၀၄)ဦး ရှိတဲ့အတွက် အထက်တန်းအဆင့် ဆရာနှင့် ကျောင်းသားအချိုးမှာ (၁း၃၁) ရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီအချိုးဟာဆိုလို့ရှိရင် ဒါ တစ်နိုင်ငံလုံးမှာရှိတဲ့ အထက်တန်း ကျောင်းသား၊ ဆရာ အချိုးထက် နည်းနည်းမြင့်မားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျိုက်ထိုမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှာ Grade 10 အတွဲ(၁) သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ(၁၆၄)ဦး၊ အတွဲ(၂)သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ(၁၃၆)ဦး၊ အတွဲ(၇)သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၅၀)ဦး၊ Grade 11 အတွဲ(၁) သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၁၃၄)ဦး၊ အတွဲ(၂) သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၁၈၂)ဦး၊ အတွဲ(၇) သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ(၄၃)ဦး၊ စုစုပေါင်း အထက်တန်းဆင့် ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၇၀၉)ဦးရှိတာကို တွေ့ရှိရပါတယ်။

အဲဒီကျောင်းမှာ ယခင်က အထက်တန်းပြ ဆရာ၊ ဆရာမ(၁၄)ဦးရှိပြီးတော့မှ (၁)ဦးမှာ အလယ်တန်းကျောင်းအုပ်အဖြစ် ရာထူးတိုးပြီး ပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းအဆင့် ကျောင်းသားဦးရေနှင့် အထက်တန်းပြဆရာအင်အား မမျှတတဲ့အတွက်၊ သင်ကြားသင်ယူမှုလုပ်ငန်းတွေ အဆင်ပြေစေဖို့အတွက် လက်ရှိအထက်တန်းပြ ဆရာ(၁၃)ဦးအပြင် အငြိမ်းစားယူသွားပြီဖြစ်တဲ့ အလယ်တန်းကျောင်းအုပ်(၁)ဦးနှင့် အထက်တန်းပြ(၄)ဦးတို့ကနေ ဝင်ရောက်ကူညီ သင်ကြား

သင်ယူပေးနေတာကို တွေ့ရှိရပါတယ်။ ကျောင်းအုပ်ဆရာမကြီးကလည်းပဲ လိုအပ်နေတဲ့ ဇီဝဗေဒ ဘာသာရပ်ကို သင်ကြားသင်ယူပေးနေတာကို တွေ့ရှိရပါတယ်။ အလယ်တန်းပြဆရာ(၂)ဦးကလည်းပဲ ပထဝီဘာသာနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်တွေကို ဖြည့်စွက်သင်ကြားသင်ယူ ဆောင်ရွက်ပေး နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး ဖြည့်ဆည်းသင်ကြားပေးလျက်ရှိနေတာကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာဆိုလို့ရှိရင် ၂၀၁၇ ခုနှစ်ကတည်းက ကျောင်းသား၊ ဆရာ အင်အားတွေက တစ်နှစ် တစ်နှစ်ကို ကျောင်းအဆင့်တွေ ပိုပြီးတော့ တိုးပေးတယ်။ ကျောင်းအဆင့် တိုးပေးတယ်ဆိုတာကလည်းပဲ ကျောင်းသားဦးရေတစ်ခုတည်းအပေါ်မှာ ကျွန်တော်တို့ ကျောင်းအဆင့်တိုးပေးတာမဟုတ်ပါဘူး။ သွားရေးလာရေး လွယ်ကူတဲ့ဒေသတွေမှာဆိုလို့ရှိရင် အထက်တန်းကျောင်း(ခွဲ)အထိသည် (၃)မိုင်အဖြစ် သတ်မှတ်ထားပါတယ်။ သွားရေးလာရေးခက်ခဲတဲ့ တောင်တန်းထူထပ်တဲ့ဒေသတွေ၊ မြစ်ချောင်းပေါများတဲ့ဒေသတွေဆိုလို့ရှိရင်(၂)မိုင်ဆိုပြီးတော့ ဒီလိုမျိုး တစ်ဆင့်မြင့်ကျောင်းတွေနဲ့ ကျောင်းသားဦးရေကို ခရီးအကွာအဝေးမိုင်အနေနဲ့ တွက်ချက်ပြီးတော့မှ အထက်တန်းကျောင်း (ပတ်ကား) ဖြစ်ဖို့ဆိုရင်တော့ ကျွန်တော်တို့က (၁၀)မိုင်ဆိုပြီးတော့ သတ်မှတ် ထားတဲ့အတွက် နှစ်စဉ်ကျောင်းတွေကို ပိုမိုပြီးတော့ တိုးမြှင့်ပေးတာဟာဆိုရင် ၂၀၁၇ ခုနှစ်မှာဆိုလို့ ရှိရင် (၁၀)မိုင်အထက်ဝေးတဲ့ ကျောင်းပေါင်း (၁၁၀၀)ကို ကျောင်းအဆင့်တိုးပေးခဲ့တဲ့အတွက် သင်ယူမှု အခွင့်အလမ်း ပိုမိုလွယ်ကူလာတယ်။ ကျောင်းပေါင်း (၅၁၀၀)ကျော်မှာလည်းပဲ (၄၀၀)ကျော်ကပဲ ကျောင်းသားဦးရေအရ ကိုက်ညီပြီးတော့မှ ကျောင်းအဆင့်တိုးပေးတာဖြစ်ပြီးတော့ ကျန်တဲ့ ကျောင်းပေါင်း (၄၀၀၀)ကျော်သည် ခရီးအကွာအဝေးမိုင်တွေအရ ကျောင်းအဆင့်တိုးပေးတာဖြစ်တဲ့အတွက်၊ သင်ယူမှု အခွင့်အလမ်း ပိုမိုလာသောကြောင့် ကျောင်းသားဦးရေများလာတယ်။ ကျောင်းအဆင့် တိုးပေးတဲ့ အတွက် ကျောင်းသားဦးရေများလာတယ်။ ပြီးရင် ကျွန်တော်တို့ ဆရာဦးရေ ပိုပြီးတော့လိုအပ်လာ ပါတယ်။

ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ မူလတန်းပြဆရာဦးရေသည် ၂၀၁၇ ခုနှစ်ရဲ့ စာရင်းအရ (၅၀၈၂၀)ဦး လိုအပ်ပါတယ်။ ဒါကို ကျွန်တော်တို့က (၅)နှစ် ဖြည့်တင်းပြီးတော့မှ တစ်နှစ် ကို (၁၀၀၀၀)ကျော်နဲ့ ခန့်ထားနိုင်ဖို့အတွက်ကိုလည်းပဲ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ သဘောထား မှတ်ချက်ရယူပြီးတော့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ခန့်ထားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အလယ်တန်းပြဆရာဟာဆိုလို့ရှိရင်လည်းပဲ တစ်နိုင်ငံလုံးမှာဆိုလို့ရှိရင် ၂၀၁၇ ခုနှစ်ရဲ့ စာရင်းအရ (၂၂၃၃၁)ဦး ၂၀၁၈ ခုနှစ်ရဲ့ စာရင်းအရဆိုရင် (၂၄၀၀၀)၊ (၃၀၀၀)ကျော် ပိုပြီးတော့ လိုလာပါတယ်။ ကျောင်းတွေ အဆင့်တိုးပေးလိုက်တယ်။ ကျောင်းသားဦးရေများလာတဲ့အတွက် (၂၄၀၀၀)ကျော်လိုပါတယ်။ ဒါကို ကျွန်တော်တို့က တစ်နှစ်ကို (၃)နှစ်အတွက်နဲ့ (၇၀၀၀)ကျော်၊ (၈၀၀၀)ကျော် ခန့်ဖို့လို့အတွက်ကို ကျွန်တော်တို့က ညှိနှိုင်းနေပါတယ်။ အထက်တန်းပြဆရာကလည်းပဲ ၂၀၁၇ ခုနှစ်ရဲ့ စာရင်းအရဆိုရင် (၁၃၃၅၉)ဦးလိုပါတယ်။ ၂၀၁၈ ခုနှစ်ရဲ့ စာရင်းအရဆိုရင် (၂၀၀၀)ကျော်ပိုတိုးလာပြီးတော့ (၁၃၀၇၆)ဦး လိုပါတယ်။ မွန်ပြည်နယ်မှာကတော့ (၃၄၉)ဦးလိုအပ်နေပါတယ်။

ဒါကြောင့်မို့လို့ လိုအပ်နေတဲ့ ဆရာ၊ ဆရာမတွေကို ခန့်ဖို့ဆိုတာ ပညာရေး အရည်အသွေး ကောင်းဖို့ဆိုတာ ဆရာ၊ ဆရာမ အရည်အသွေးကောင်းဖို့ အဓိကဖြစ်တဲ့အတွက်ကြောင့်မို့လို့ အတော်ဆုံး

လူတွေကို ကျွန်တော်တို့ ရွေးပြီးတော့ ခန့်ထားလိုတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ဖို့လိုသလို၊ လုပ်ငန်းခွင် အကြိုသင်တန်းတွေကိုလည်းပဲ ပေးရမှာဖြစ်သလို၊ သူ့ရဲ့သတ်မှတ်ကာလတွေအလိုက် စီစဉ်ပြီးတော့ စနစ်တကျ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျိုက်ထိုမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှာ လိုအပ်နေတဲ့ အထက်တန်းပြဆရာ၊ ဆရာမတွေကိုတော့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အထက်တန်းပြ ရာထူးတိုး/အပြောင်းများ ဆောင်ရွက်တဲ့အချိန်မှာ ဆရာ၊ ကျောင်းသား အချိုး အပိုအလိုအရ ဆန္ဒပြုဒေသနှင့်ကိုက်ညီပြီး ဘာသာရပ်လိုအပ်ချက်အပေါ် မူတည်ပြီး စိစစ် ဖြည့်ဆည်း ခန့်ထားပေးမည်ဖြစ်ပါကြောင်းနှင့် ကျောင်း၊ ရုံးဝန်ထမ်းလစ်လပ်ရာထူးနေရာတွေကိုတော့ ဆန္ဒပြုဒေသနှင့်ကိုက်ညီပြီး ရာထူးတိုး/ပြောင်း တန်းစီဇယားရမှတ် အများ/အနည်းအရ စိစစ် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ ဧရာဝတီ တိုင်းဒေသကြီးအတွင်းမှာ ကျွန်တော်တို့ ပညာရေးကောလိပ်(၃)ခု ရှိပါတယ်။ ပုသိမ်ပညာရေးကောလိပ်၊ မြောင်းမြပညာရေးကောလိပ်နဲ့ ဘိုကလေးပညာရေးကောလိပ်တို့ ဖြစ်ပြီးတော့မှ နှစ်စဉ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်ရ ဆရာ၊ ဆရာမ(၉၅၀)ဦးခန့်နှင့် PPTT မူလတန်းပြ လက်မှတ်ရ ဆရာ၊ ဆရာမ(၇၅၀)ဦးခန့်ကို ပြုစုပျိုးထောင်ပြီးတော့မှ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။ ဧရာဝတီ တိုင်းဒေသကြီးနဲ့ ကျွန်တော်တို့ ဟင်္သာတခရိုင်အတွင်း မူလတန်းအဆင့် ဆရာနဲ့ ကျောင်းသားအချိုးက တော့ ဧရာဝတီတိုင်းဒေသကြီးမှာ မူလတန်းအဆင့်သင်တဲ့ ဆရာ၊ ဆရာမဦးရေ (၃၅၅၀၅)ဦးရှိပါတယ်။ မူလတန်းကျောင်းသားဦးရေက (၆၆၇၆၈၉)ဦးရှိတဲ့အတွက် ဆရာ၊ ကျောင်းသား အချိုးက (၁း၁၉) ဦးရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကတော့ မူလတန်းပြဆရာဦးရေ လိုအပ်ချက်က တစ်နိုင်ငံလုံးမှာ အများဆုံးဖြစ်ပါတယ်။ (၅၀၀၀၀)ဦးလိုအပ်နေတဲ့အထဲမှာ ဧရာဝတီတိုင်းဒေသကြီးမှာ မူလတန်းပြဆရာ (၁၀၈၀၉)ဦး ကျွန်တော်တို့ လိုအပ်နေတာကို စိစစ်တွေ့ရှိရပါတယ်။

ဟင်္သာတခရိုင်မှာတော့ မူလတန်းအဆင့်သင်တဲ့ ဆရာ၊ ဆရာမဦးရေ(၆၇၉၉)ဦးရှိပြီး မူလတန်း ကျောင်းသားဦးရေ (၁၀၇၀၀၉)ဦး ရှိတဲ့အတွက် ဆရာ၊ ကျောင်းသားအချိုးသည် (၁း၁၆)ဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ (၁း၁၉)အထက် ကျွန်တော်တို့ ဒါ ပိုမိုကောင်းမွန်ပြီးတော့မှ ဆရာ၊ ဆရာမ ဦးရေ မူလတန်းမှာ လုံလောက်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လောလောဆယ်မှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက စပြီးတော့မှ တစ်နိုင်ငံလုံးမှာရှိတဲ့ ပညာရေး ကောလိပ်(၂၅)ခုကို (၂)နှစ်သင်ပညာရေးကောလိပ်တွေကနေပြီးတော့မှ (၄)နှစ်သင် ပညာရေးဒီဂရီ ကောလိပ်တွေအဖြစ်နဲ့ အဆင့်မြှင့်တင်ဆောင်ရွက်ဖို့လို့အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒီလိုစီစဉ်ဆောင်ရွက်နေတာသည် ၂၀၂၃ ခုနှစ်မှာမှ ပြီးစီးမှာဖြစ်တဲ့အတွက် ဒီကြားကာလမှာ တော့ ကျွန်တော်တို့ ပညာရေးကောလိပ် (၂၅)ခုစလုံးကို (၄)နှစ်သင် ပညာရေးဒီဂရီကောလိပ်တွေ အဖြစ်နဲ့ ကျွန်တော်တို့ အောင်မြင်စွာ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့လို့အတွက်ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက် ရဦးမှာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းကာလမှသာ ဧရာဝတီတိုင်းဒေသကြီးသည် မူလတန်းကျောင်းသားဦးရေကလည်း တစ်နိုင်ငံလုံးမှာ အများဆုံးဖြစ်သလို မူလတန်းပြဆရာဦးရေကလည်းပဲ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ အများဆုံးလိုအပ်နေတဲ့ တိုင်းဒေသကြီးဖြစ်တဲ့အတွက် ၂၀၂၃ ခုနှစ်နောက်ပိုင်းမှာမှ ဆက်လက်ပြီး လိုအပ်ချက်တွေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ပညာရေးဒီဂရီကောလိပ်တွေကို တိုးချဲ့ဖွင့်လှစ်ပေးဖို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် လောလောဆယ်မှာတော့ ပညာရေးကောလိပ်အသစ်တစ်ခု ဟင်္သာတမြို့မှာ တိုးချဲ့ဖွင့်လှစ် စီစဉ်ဆောင်ရွက်ပေးဖို့ အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားမှုကို တင်ပြခွင့်ပြုဖို့လို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ စိုက်ပျိုးရေးသိပ္ပံတွေကို ဖွင့်လှစ်ပြီးတော့မှ နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့လို့အတွက် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွေမှာ လိုအပ်တဲ့ အလယ်အလတ်အဆင့် စိုက်ပျိုးရေးကျွမ်းကျင်သူတွေကို မွေးထုတ်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ စိုက်ပျိုးရေးသိပ္ပံတွေကို တိုးချဲ့ဖွင့်လှစ်တဲ့အခါမှာ စိုက်ပျိုးရေးသိပ္ပံစုစုပေါင်း (၁၄)ကျောင်းအထိ ဖွင့်လှစ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီ စိုက်ပျိုးရေးသိပ္ပံ(၁၄)ခုမှာ ဧရာဝတီတိုင်းဒေသကြီးမှာ မြောင်းမြစိုက်ပျိုးရေးသိပ္ပံ ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်မှာလည်းပဲ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ စိုက်ပျိုးရေးသိပ္ပံ(ဟုမ္မလင်း)ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း စိုက်ပျိုးရေးသိပ္ပံ ဖွင့်လှစ်ထားခြင်း မရှိသေးတဲ့အတွက် စိုက်ပျိုးရေးကျွမ်းကျင်သူတွေ မွေးထုတ်ဖို့၊ စိုက်ပျိုးရေးသိပ္ပံအသစ် ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ စိုက်ပျိုးရေးသိပ္ပံ(၁၄)ကျောင်းနဲ့ ထပ်မံဖွင့်လှစ်ဖို့ စိုက်ပျိုးရေးသိပ္ပံ(ဟုမ္မလင်း)အတွက်၊ ဆရာ၊ ဆရာမနဲ့ဝန်ထမ်း ပြည့်စုံလုံလောက်မှု မရှိသေးတဲ့အတွက်၊ အဆောက်အဦများ၊ ပရိဘောဂများ၊ သင်ကြားရေးဆိုင်ရာ ပစ္စည်းကိရိယာများနှင့် အုပ်ချုပ်မှုဆိုင်ရာများ ဖြည့်ဆည်းပေးနိုင်ဖို့ စီမံဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းအသစ် ဖွင့်လှစ်ဖို့ရန် အခက်အခဲရှိပါကြောင်းနဲ့ လက်ရှိအခြေအနေအရ ဖွဲ့စည်းပုံ တိုးချဲ့ဖို့လို့အတွက်မှာလည်းပဲ ကျွန်တော်တို့ မူဝါဒနှင့်အညီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေမှာ လုံလောက်မှုရှိနေခြင်း၊ စိုက်ပျိုးရေးသိပ္ပံများကို ကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ရန် ပိုမိုသင့်လျော်မှာဖြစ်ခြင်း၊ စိုက်ပျိုးရေးသိပ္ပံများမှ အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးဖို့လို့အတွက် အရေအတွက်ထက် အရည်အချင်းပြည့်ဝသူတွေကို လေ့ကျင့်မွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိအခြေအနေမှာ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့မှာ စိုက်ပျိုးရေးသိပ္ပံကျောင်းအသစ် ဖွင့်လှစ်ပေးဖို့ရန် အစီအစဉ်မရှိသေးပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ရဲ့ မေးခွန်းကို ဖြေကြားခွင့်ပြုပါရန်နှင့် Power Point အသုံးပြုဖြေဆိုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း (၆၃၈၆)ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ရေးမြို့နယ်မှာတော့ အခြေခံပညာကျောင်း စုစုပေါင်း(၁၂)ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အလယ်တန်းကျောင်းအဖြစ်နဲ့ အလယ်တန်းကျောင်း(ခွဲ)ကနေပြီးတော့မှ အလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ပေးဖို့လို့အတွက် သတ်မှတ်တဲ့မူသည် အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ(၃၀၀)ဦးနှင့် အထက်ရှိခြင်း၊ မြေပြန့်ဒေသဖြစ်ရင် အလယ်တန်းကျောင်း(ခွဲ)ကနေ အထက်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးဖို့အတွက်သည် ကျောင်းသား၊ ကျောင်းသူဦးရေ(၃၀၀)ဦးနဲ့ မြေပြန့်ဖြစ်ရင်(၃)မိုင်၊ သွားရေးလာရေးခက်ခဲလို့ရှိရင် (၂)မိုင်သည် သတ်မှတ်ထားတဲ့မူ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အလယ်တန်းအဆင့်သင်တဲ့ ကျောင်းသား၊ ကျောင်းသူ Grade 6 ကနေ Grade 9 အထိ အတန်း(၄)တန်း၊ စုစုပေါင်း(၁၈၄)ဦးရှိပါတယ်။ အနီးဆုံး အထက်တန်းအဆင့်သင်တဲ့ကျောင်းဖြစ်တဲ့ မော့ကနင်အခြေခံပညာအထက်တန်းကျောင်းနဲ့ (၁၀)မိုင်ကွာဝေးတာကို တွေ့ရှိရပါတယ်။ ဒါသည် ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ ဘဲလမုအလယ်တန်းကျောင်းနဲ့ မော့ကနင်အထက်တန်းကျောင်းရဲ့ ခရီးအကွာအဝေး ဖြစ်ပါတယ်။ (၁၀)မိုင်ကွာဝေးပါတယ်။ ဒါကြောင့်မို့လို့ ဘဲလမုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် အထက်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့် တိုးမြှင့်ပေးဖို့လို့အတွက် ကျောင်းသားဦးရေသတ်မှတ်ချက် မပြည့်မီသော်လည်းပဲ ခရီးအကွာအဝေးမိုင်အရ (၁၀)မိုင်ရှိတဲ့အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာသတ်မှတ်ချက်မူနှင့် ကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ဖို့လို့အတွက်ကို ကျွန်တော်တို့ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဖလမ်းမြို့နယ်မှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းစုစုပေါင်း(၃၇)ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။ မူလတန်း(လွန်)ကျောင်းကနေပြီးတော့မှ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးဖို့အတွက် သတ်မှတ်တဲ့မူသည် အလယ်တန်းအဆင့်သင်တဲ့ ကျောင်းသား၊ ကျောင်းသူ(၂၀၀)ဦး သို့မဟုတ် မြေပြန့်ဒေသဖြစ်မယ်ဆိုရင် (၃)မိုင်၊ သွားရေးလာရေးခက်ခဲတဲ့ တောင်တန်းနှင့် မြစ်ချောင်းပေါ်များတဲ့ဒေသဆိုရင် (၂)မိုင်ဆိုပြီးတော့ ကျွန်တော်တို့ ဒါသတ်မှတ်ထားပါတယ်။

ဖလမ်းမြို့နယ် မှောင်ကွန်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်က အလယ်တန်းအဆင့် ပညာသင်ယူနေတဲ့ Grade 6၊ Grade 7၊ Grade 8၊ Grade 9 ကျောင်းသား၊ ကျောင်းသူ(၁၀)ဦးပဲ ရှိပါတယ်။ သို့သော် အနီးဆုံး အလယ်တန်းအဆင့်သင်တဲ့

ကျောင်းသည် သီးဘွာလ်အခြေခံပညာအထက်တန်းကျောင်းနဲ့ (၁၁)မိုင်ခန့် ကွာဝေးတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျောင်းမှာ ကျောင်းသားဦးရေပြည့်မီမှု မရှိသော်လည်းပဲ ခရီးအကွာအဝေးမိုင်ကတော့ ကျွန်တော်တို့ ပြည့်မီတာကို တွေ့ရှိရပါတယ်။ ဒါသည် မှောင်ကွန်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းဖြစ်ပါတယ်။ ဒါကတော့ ချင်းပြည်နယ်ဟာ အားလုံးသိတဲ့အတိုင်းပဲ တောင်တန်းထူထပ်တာ ဖြစ်တဲ့အတွက် (၁၁)မိုင်ဆိုလို့ရှိရင် အလယ်တန်းကျောင်းသား၊ ကျောင်းသူတွေအတွက် သွားရေး၊ လာရေး အင်မတန်ခက်ခဲတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သတ်မှတ်တဲ့မူနဲ့ ဒါ ကိုက်ညီမှုရှိတဲ့အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့် တိုးမြှင့်ပေးဖို့လို့ အတွက် ဆက်လက်ပြီး စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်သော်လည်း အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူဦးရေဟာ အင်မတန်နည်းတဲ့အတွက် ကျောင်းသား၊ ကျောင်းသူဦးရေအပေါ်မှာပဲ အလယ်တန်းဆရာကိုတော့ ကျွန်တော်တို့ ဒါ ဖြည့်ဆည်းပေးသွားပါ့မယ် ဆိုတာလေးကိုတော့ လေးစားစွာ တင်ပြအပ်ပါတယ်။

အစီအစဉ်(၅)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ပန်ဝိုင်မြို့နယ်သည် တစ်နိုင်ငံလုံးမှာ အင်မတန်ထူးခြားပါတယ်။ မူလတန်းလွန်ကျောင်း(၁)ကျောင်းပဲ ရှိပါတယ်။ တစ်မြို့နယ်လုံးမှာ။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ် ကျောင်းအဆင့် တိုးမြှင့်ပေးလိုသော်လည်း ကျောင်းအဆင့်တိုးမြှင့်ဖို့ လျှောက်ထားတာမရှိတဲ့အတွက် ကျွန်တော်တို့ နှစ်စဉ် ကျောင်းအဆင့်တိုးမြှင့်ပေးဖို့ အခွင့်အလမ်းမရှိခဲ့ပါဘူး။ ယခု ပညာသင်နှစ်မှာတော့ ကျွန်တော်တို့ကို လျှောက်ထားလာတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ပန်ဝိုင်မြို့နယ်၊ စီကန်လိုက် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဟာ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ(၂၃၀)ဦးရှိပြီးတော့ အနီးဆုံး မူလတန်းအဆင့်သင်ကျောင်းဖြစ်တဲ့ ပန်ဝိုင်မူလတန်းလွန်ကျောင်းနဲ့ (၁၅)မိုင်ဝေးတာဖြစ်တဲ့အတွက် သတ်မှတ်မူနဲ့ကိုက်ညီပါတယ်။ လိုင်ကင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကလည်းပဲ စုစုပေါင်း မူလတန်းအဆင့်သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၁၀၂)ဦးရှိပြီးတော့ ပန်ဝိုင်အခြေခံပညာမူလတန်းလွန်ကျောင်းနဲ့ (၁၂)မိုင် ကွာဝေးတဲ့အတွက် သတ်မှတ်မူနဲ့ ကိုက်ညီမှုရှိပါတယ်။

ရောင်ပလျှက် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကလည်းပဲ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၇၇)ဦးရှိပြီးတော့ ပန်ဝိုင်အခြေခံပညာမူလတန်းလွန်ကျောင်းနဲ့ (၇)မိုင်ကွာဝေးတဲ့အတွက် သတ်မှတ်မူနှင့် ကိုက်ညီမှုရှိပါတယ်။ ပြန်လန်းကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှာလည်းပဲ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူ(၄၂)ဦးသာရှိသော်လည်း ပန်ဝိုင်အခြေခံပညာမူလတန်းလွန်ကျောင်းနဲ့ (၁၀)မိုင် ကွာဝေးတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တချို့ကျောင်းတွေသည် ကျောင်းသား၊ ကျောင်းသူ ဦးရေပြည့်မီမှု သတ်မှတ်ချက်နဲ့ ကိုက်ညီပြီး တချို့ကျောင်းတွေကတော့ ခရီးအကွာအဝေးသတ်မှတ်မိုင်တွေနဲ့ ကိုက်ညီမှုရှိတဲ့အတွက် ယခု ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း (၄)ခုစလုံးသည် သတ်မှတ်ချက်နဲ့ ကိုက်ညီမှုရှိတာကို တွေ့ရှိရပါတယ်။

ဒါကတော့ စီကန်လိုက် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ လိုင်ကင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖြစ်ပါတယ်။ ရောင်ပလျှက် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ဖြစ်ပါတယ်။ ပြန်လန်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဟာဆိုလို့ရှိရင်လည်းပဲ သွားရေး၊ လာရေးခက်ခဲတဲ့ တောင်တန်းထူထပ်တဲ့ဒေသတွေ ဖြစ်ပြီး (၁၀)မိုင်ကျော် ကွာဝေးတဲ့ကျောင်းတွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမှုတွေနဲ့ သတ်မှတ်ချက်ကိုက်ညီမှုရှိတဲ့အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ကျောင်းအဆင့် တိုးမြှင့်ပေးဖို့အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အခုလို ပူးပေါင်းဆောင်ရွက်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အစီအစဉ်(၆)အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ရမ်းဗြဲမြို့နယ်မှာ အခြေခံပညာကျောင်း ပေါင်း(၂၅)ကျောင်းကို ကျောင်းအဆင့်တိုးမှုတွေနဲ့ ကိုက်ညီတဲ့အတွက် ကျွန်တော်တို့ ဒါ ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။ အထက်တန်းကျောင်း(ခွဲ)ကနေပြီးတော့မှ အထက်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးဖို့အတွက်ကတော့ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ Grade 10 ၊ Grade 11 ကျောင်းသား၊ ကျောင်းသူပေါင်းလိုက်ရင် (၂၀၀)ဦးနှင့်အထက်ရှိခြင်း သို့မဟုတ် သွားရေး၊ လာရေး ခက်ခက်၊ မြေပြန့်ဖြစ်ဖြစ်၊ တောင်တန်းထူထပ်တဲ့ဒေသဖြစ်ဖြစ်၊ မြစ်ချောင်းပေါတဲ့ ဒေသဖြစ်ဖြစ် ကျွန်တော်တို့ အထက်တန်းအဆင့် သင်တဲ့ကျောင်းတွေကိုတော့ ကျောင်းအဆင့် တိုးမြှင့်ပေးဖို့ကိုတော့ (၁၀)မိုင်ဆိုပြီးတော့ ကျွန်တော်တို့ ဒါ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးမှာ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း (၄၇၀၀၅)ကျောင်းမှာ ကျွန်တော်တို့ နှစ်စဉ် ကျောင်းအဆင့် တိုးမြှင့်ပေးနေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူတွေရဲ့လိုအပ်ချက်အရ ကျောင်းသား၊ ကျောင်းသူတွေရဲ့ သင်ယူမှု အခွင့်အလမ်း ပိုမိုရရှိပေးဖို့လို့အတွက်ကို ဖြည့်ဆည်းပေးလိုတာ ဖြစ်တဲ့အတွက်၊ လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် အခုအချိန်မှာ အထက်တန်း (ပတ်ကား)ကျောင်း စုစုပေါင်း(၁၅၀၀)ကျော်ရှိပြီး၊ အထက်တန်းကျောင်း(ခွဲ)စုစုပေါင်း (၃၀၀၀)ကျော် ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အထက်တန်းအဆင့် ပညာသင်ယူနေတဲ့ ကျောင်းပေါင်း (၄၅၀၀)ကျော်ရှိပါတယ်။ အဲဒီအထဲမှာ (၃၀၀၀)ကျော်ဟာ ကျွန်တော်တို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆို ဖို့လို့အတွက် စာစစ်ဌာနတွေအဖြစ် စိစစ်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အထက်တန်းကျောင်း(ခွဲ)အထိကတော့ ကျောင်းသားဦးရေ ပြည့်မီခြင်း သို့မဟုတ် သွားရေး၊ လာရေးလွယ်ကူတဲ့ မြေပြန့်ဒေသဆိုရင် (၃)မိုင်၊ သွားရေး၊ လာရေး ခက်ခဲတဲ့ တောင်ပေါ်ဒေသနဲ့ မြစ်ချောင်းပေါများတယ်ဆိုရင် (၂)မိုင်ဆိုပြီးတော့ သတ်မှတ်လို့ရပေမယ့် အထက်တန်းအဆင့် ကျောင်းတွေကတော့(၁၀)မိုင်ဆိုပြီး သတ်မှတ်ထားတာဖြစ်တဲ့အတွက် ရမ်းဗြဲက

သစ်ပုတ်တောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ကျောင်းသား၊ ကျောင်းသူသည် Grade 10 နဲ့ Grade 11 (၂)ခုပေါင်းမှ (၆၇)ဦးပဲ ရှိပါတယ်။ ပြီးရင် ရမ်းဗြဲအခြေခံပညာအထက်တန်းကျောင်း နဲ့ကလည်း (၈)မိုင်ပဲ ကွာဝေးတာကို တွေ့ရှိရတဲ့အတွက်၊ ကျောင်းသားဦးရေမှာလည်း သတ်မှတ်ချက်နဲ့ ကျွန်တော်တို့ (၂၀၀)လည်း မပြည့်မီပါဘူး။ အကွာအဝေး(၁၀)မိုင်လည်း မပြည့်မီတဲ့အတွက် ကျွန်တော်တို့တစ်တွေအနေနဲ့ ကျောင်းအဆင့်တိုးပေးလိုသော်လည်းပဲ ပြည်သူတွေရဲ့ ဆန္ဒအရ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှုအရ တိုးပေးလိုသော်လည်း ယခု ဖော်ပြထားတဲ့ သစ်ပုတ်တောင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို သတ်မှတ်ချက်မူနဲ့ ကိုက်ညီမှုမရှိသေးတဲ့ အတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ဦးစားပေးကျောင်းအနေနဲ့ အဆင့်တိုးမြှင့်ပေးဖို့လို့အတွက် စာရင်းထဲမှာ မပါသေးဘူးဆိုတာလေးကို ကျွန်တော် ဥက္ကဋ္ဌကြီးကို လေးစားစွာ တင်ပြအပ်ပါတယ်။ သို့သော် ကျွန်တော်တို့တွေအနေနဲ့ အထက်တန်းကျောင်း(ခွဲ)တိုင်းမှာ ဆရာ၊ ဆရာမ(၇)ဦး ပြည့်မီ အောင်တော့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပူးပေါင်းပြီး ဒါကိုတော့ စီစဉ်ဆောင်ရွက်ပေးလို့ရတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း အထက်တန်း ပညာသင်ယူမှု အခွင့်အလမ်းကလည်းပဲ ကျောင်းအဆင့် မတိုးသော်လည်းဘဲ ကျွန်တော်တို့ ဒါ ဆက်လက် ပညာသင်ယူခွင့် အခွင့်အလမ်း ရှိသလို ဆရာ၊ ဆရာမတွေကလည်း ဆက်ပြီး သင်ပေးနေနိုင်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ အစီအစဉ်(၇)အရ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ၏ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့တောင်အာရှတက္ကသိုလ်များ အားကစား ပြိုင်ပွဲ (Asean Universitys Games) ပြိုင်ပွဲကို ၁၉၈၁ ခုနှစ်ကစတင်ပြီးတော့မှ ထိုင်းနိုင်ငံက စတင် ပြီးတော့(၂)နှစ်တစ်ကြိမ် အလှည့်ကျကျင်းပခဲ့တဲ့အခါမှာ မြန်မာနိုင်ငံက ၂၀၁၈ ခုနှစ် (၁၉)ကြိမ်မြောက် ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ထိုင်းနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲက စတင်ပြီး မြန်မာနိုင်ငံမှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စတင်ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ Golf၊ ပြေးခုံပစ် အားကစားနည်းတွေမှာ ကျောင်းသား၊ ကျောင်းသူ အားကစားသမား (၄၇)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဘောလုံး၊ ပိုက်ကျော်ခြင်း၊ တင်းနစ် အားကစားနည်းတွေမှာ ကြေးတံဆိပ်(၁)ခုစီ စုစုပေါင်း ကြေး(၃)ခု ဆွတ်ခူးရရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ၂၀၁၂ ခုနှစ် လာအိုနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၆)ကြိမ်မြောက် အရှေ့တောင် အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုံပစ်အားကစားနည်းတွေမှာ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း(၆၂)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပိုက်ကျော်ခြင်းအားကစားနည်းမှာ ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ် (၂)ခု၊ စုစုပေါင်း ရွှေ(၁)၊ ကြေး(၂) ဆွတ်ခူးရရှိခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

၂၀၁၄ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲကို တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ စစ်တုရင်၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုနဲ့ ဝူရှူး အားကစားနည်းတွေဟာ ကျောင်းသား၊ ကျောင်းသူ အားကစားသမား(၈၀)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဝူရှူးနဲ့ ကရာတေးဒိုတွေဟာ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၅)ခု၊ ပိုက်ကျော်ခြင်းဟာ ကြေးတံဆိပ်(၂)ခု၊ ပြေးခုန်ပစ်အားကစားနည်းမှာ ကြေးတံဆိပ်(၃)ခု၊ စုစုပေါင်းငွေ(၃)ခု၊ ကြေး(၁၀)ခု ဆွတ်ခူးရရှိခဲ့ ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲဟာ စတုတ္ထအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ အားကစားနည်းတွေဟာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၃၇)ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ပိုက်ကျော်ခြင်း အားကစားနည်းတစ်ခုတည်း ငွေတံဆိပ် (၁)ခုတည်းသာ ဆွတ်ခူးရရှိခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

၂၀၁၈ ခုနှစ်၊ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုတော့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော်မှာ လက်ခံကျင်းပတဲ့အခါမှာတော့ အားကစားနည်း(၁၇)မျိုး ထည့်သွင်း ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူ အားကစားသမား (၃၅၃)ဦးက ပြိုင်ပွဲ အမျိုး အစား (၁၇)မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်(၂၄)ခု၊ ငွေတံဆိပ်(၂၆)ခု၊ ကြေးတံဆိပ် (၂၉)ခု ဆွတ်ခူးရရှိပြီးတော့မှ နိုင်ငံအလိုက် အဆင့်ရပ်တည်မှုမှာ အဆင့်(၄)ရရှိခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါကတော့ အားကစားနည်းပြိုင်ပွဲတွေဟာ (၁၅)မျိုးပါ။ ကျွန်တော်တို့ ဒါ ဆုတံဆိပ်ရရှိမှု အ ခြေအနေဖြစ်ပြီးတော့၊ ညာဘက်ကတော့ နိုင်ငံအလိုက်၊ ရွှေ၊ ငွေ၊ ကြေးအလိုက် ကျွန်တော်တို့ နိုင်ငံအဆင့်ရပ်တည်မှုဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကြည့်လိုက်မယ်ဆိုရင် အားကစားနည်း အလိုက် မြန်မာနိုင်ငံအနေနဲ့ ဆုတံဆိပ်မရရှိတဲ့ အားကစားနည်းတွေဟာ ကြက်တောင်၊ စားပွဲတင် တင်းနစ်နဲ့ ဘတ်စကက်ဘော (၃)မျိုးဟာ ဆုတံဆိပ် မရရှိခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြိုင်ပွဲဝင် အားကစားသမားအရေအတွက်နဲ့ နိုင်ငံအလိုက် ဝင်ရောက် ယှဉ်ပြိုင်ပြီး ချီးမြှင့်တဲ့ဆုတံဆိပ်အရေအတွက် ဖြစ်ပါတယ်။ ညာဘက်ကတော့ မြန်မာနိုင်ငံက ဝင်ရောက် ယှဉ်ပြိုင်တဲ့ အားကစားသမားအရေအတွက်နဲ့ ဆုတံဆိပ်ရရှိတဲ့အခြေအနေတွေကို တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလို ၂၀၁၈ ခုနှစ်၊ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ဒုတိယသမ္မတဦးစီးတဲ့ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ(၁၃)ခုနဲ့ ဖွဲ့စည်းဆောင်ရွက် ပြင်ဆင်ခဲ့ ပါတယ်။ အောင်နိုင်ရေးအဖွဲ့တွေမှာလည်း ပါမောက္ခချုပ်တွေ၊ ဒုတိယပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်ကြီး တွေက ဦးစီးပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

အားကစားအမျိုးအစားလိုက် တက္ကသိုလ်များဖိတ်ခေါ်ပြိုင်ပွဲ၊ ဗိုလ်အဆင့်၊ ဗိုလ်အလိုက်၊ ဦးစီးအဆင့်၊ ဗဟိုအဆင့် ပြိုင်ပွဲတွေကို ကျွန်တော်တို့ ကျင်းပပြီးတော့မှ ထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူ အားကစားသမားတွေ ပေါ်ထွက်လာဖို့အတွက်လည်း ကျွန်တော်တို့ ရွေးချယ်ခဲ့ပါတယ်။ ပြီးရင် အားကစားအဖွဲ့ချုပ်တွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနရဲ့ ပံ့ပိုးကူညီမှုနဲ့ စခန်းသွင်း လေ့ကျင့်မှုတွေကို စိစစ်ဆောင်ရွက်ပြီး ဖွင့်ပွဲ၊ ပိတ်ပွဲကိုတော့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်က ဦးဆောင်ပြီးတော့မှ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွေကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး တော့မှ အုပ်ချုပ်သူနည်းပြ(၁၃၀)ဦး၊ ကျောင်းသား၊ ကျောင်းသူ(၄၃၈)ဦး၊ အထွေထွေပံ့ပိုးကူညီရေး အဖွဲ့(၁၀၉)ဦး၊ စုစုပေါင်း(၆၇၇)ဦးနဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြိုင်ပွဲတစ်လျှောက် ဖွင့်ပွဲ၊ ပိတ်ပွဲနဲ့ ဆုပေးပွဲ အခမ်းအနားတွေမှာ တက္ကသိုလ်အသီးသီးမှ ကျောင်းသူ(၂၅)ဦးက ဆုဗန်းကိုင်နဲ့ ကျွန်တော်တို့ အဆင့်မြင့်ပညာဦးစီးဌာနမှ (၁၅)ဦး၊ စုစုပေါင်း (၄၀)ဦးကလည်းပဲ ဧည့်ကြိုတွေအဖြစ်နဲ့ကော ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဆက်ဆံရေးအရာရှိ အဖြစ်နဲ့(၃၀၆)ဦးက တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေက ရွေးချယ်ပြီး သင်တန်းပို့ချပြီးတော့ ဆောင်ရွက်ခဲ့ ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ တားမြစ်ဆေးသုံးစွဲမှုစိစစ်ရေးကော်မတီဖွဲ့စည်းပြီး ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် အင်အား(၆၀၈)ဦး တာဝန်ထမ်းဆောင်ခဲ့ပါကြောင်းနဲ့ နိုင်ငံအလိုက် VIP များ၊ Head of Delegation များနဲ့ အားကစားအစုအဖွဲ့များရဲ့ သယ်ယူပို့ဆောင်ရေးအင်အား(၃၁၁)ဦး ယာဉ်မောင်းကြီးကြပ်တို့ဖြင့် သယ်ယူပို့ဆောင်ရေးကော်မတီကနေပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနက ပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ လုံခြုံရေးအနေနဲ့လည်း ဟိုတယ်နှင့် အားကစားရွာ လုံခြုံရေး၊ ပြိုင်ပွဲ၊ ကွင်းရုံတွေ၊ လုံခြုံရေးကိုလည်းပဲ ကျွန်တော်တို့ ဒါ လုံခြုံရေးနဲ့ ယာဉ်လမ်းကြောင်းရှင်းလင်းရေးကော်မတီရဲ့ ဦးဆောင်ကြီးကြပ်မှုဖြင့် အင်အား(၁၀၇၈)ဦးကနေပြီး တော့မှ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအားကစားအဖွဲ့တွေနဲ့ ဦးစီးကော်မတီ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဆက်ဆံရေးအရာရှိတွေ၊ သယ်ယူပို့ဆောင်ရေးဒိုင်အဖွဲ့ အားကစားကွင်းရုံတို့ အားပေး ကြိုဆိုနေရာချထားရေးနဲ့ ဆုဗန်းကိုင်၊ အလံကိုင်အဖွဲ့၊ လုံခြုံရေး၊ ပြည်သူ့ရဲအင်အား၊ ယဉ်ကျေးမှု ဆိုင်ရာ ဖျော်ဖြေရေးအဖွဲ့တွေ၊ ပံ့ပိုးကူညီရေးအဖွဲ့တွေ စုစုပေါင်းအင်အား (၄၉၃၆)ဦး ပါဝင်ခဲ့ပါ ကြောင်းနဲ့ ဒီလိုအောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ဒုတိယသမ္မတဦးစီးတဲ့ အဖွဲ့ကနေပြီးတော့မှ လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေးတွေကိုလည်း ကျွန်တော်တို့ အကြိမ်ကြိမ် ကျင်းပဆောင်ရွက်ခဲ့ ပါကြောင်းနဲ့ တက္ကသိုလ်အားကစားသမား မောင်မယ်တွေကိုလည်းပဲ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်တွေကို ရရှိနိုင်ဖို့အတွက် ပြိုင်ပွဲတွေ မကျင်းပမီမှာ ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်အားကစားသမား မောင်မယ်တွေကို စိတ်ခွန်အား မြှင့်တင်ပေးမှုတွေနဲ့ ကျွန်တော်တို့ ပြိုင်ပွဲမှာ နိုင်ငံအတွက် အစွမ်းကုန်၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ခွန်အားအပြည့်နဲ့ ယှဉ်ပြိုင်ဖို့အတွက် မှာကြားပြီးတော့မှ အောင်နိုင်ရေး အလံ အပ်နှင်းတဲ့အခမ်းအနားမှာလည်း ဒုတိယသမ္မတကိုယ်တိုင် ချီးမြှင့်ပြီးတော့မှ ကျွန်တော်တို့ ရွှေတံဆိပ်ရရင် အလှူရှင်တွေရဲ့ ပံ့ပိုးကူညီမှုနဲ့ သိန်း(၅၀)၊ အားကစားအဖွဲ့ချုပ်ရဲ့ ကူညီမှုနှင့် ရွှေတံဆိပ်

ရရင် သိန်း(၃၀)၊ စုစုပေါင်းသိန်း(၈၀)၊ ငွေတံဆိပ်ရလို့ရှိရင် ကျွန်တော်တို့ အလှူရှင်တွေရဲ့ ဂုဏ်ပြုမှုနဲ့ သိန်း(၃၀)၊ အားကစားအဖွဲ့ချုပ်ရဲ့ သိန်း(၂၀)ဆု စုစုပေါင်းသိန်း(၅၀)၊ ပြီးလို့ရှိရင် ကြေးတံဆိပ် ရလို့ရှိရင် ကျွန်တော်တို့ အလှူရှင်တွေရဲ့ ဂုဏ်ပြုမှုနဲ့ သိန်း(၂၀) ပြီးရင် အားကစားအဖွဲ့ချုပ်က (၁၀)သိန်း စုစုပေါင်းသိန်း(၃၀)၊ ဒီလိုမျိုး ဆုချီးမြှင့်ပေးမယ်ဆိုပြီးတော့ ဒုတိယသမ္မတကြီးကိုယ်တိုင် အားပေးစီစဥ် ဆောင်ရွက်ပြီးတော့မှ အလှူရှင်တွေကိုလည်း ကျွန်တော်တို့ ပြန်လည်ပြီးတော့မှ ပူးပေါင်းပါဝင် ဆောင်ရွက်ဖို့ အလံအပ်နှင်းတာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အလှူငွေလက်ခံဆောင်ရွက်ပြီး အားကစားသမားတွေကို တွေ့ဆုံပြီးတော့မှ ဖွင့်ပွဲအခမ်းအနား ကျင်းပတာဖြစ်ပါတယ်။

ဒါကိုလည်းပဲ စည်စည်ကားကား အောင်အောင်မြင်မြင် သိုက်သိုက်မြိုက်မြိုက်နဲ့ ဘယ်နိုင်ငံမှာမှ ဒီလောက် စည်ကားသိုက်မြိုက်အောင် မဆောင်ရွက်နိုင်ဘဲနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ၊ နေပြည်တော်မှာ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့တာသည် အားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ဖြစ်ပါတယ်။ ဒါကတော့ အားကစားသမားတွေကို အောင်နိုင်တဲ့အခါမှာ သွားရောက်ပြီးတော့ ဆုချီးမြှင့်တဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဝူရှူး ဆုချီးမြှင့်တဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဘောလုံးဗိုလ်လုပွဲမှာ ထိုင်းအသင်းနှင့် မြန်မာအသင်းနဲ့ ဗိုလ်လုပွဲ ကျင်းပပြီးတဲ့အခါမှ ဆုချီးမြှင့်တဲ့ပုံ ဖြစ်ပါတယ်။ အောက်ကပုံကတော့ ကျွန်တော်တို့ မြန်မာဘောလုံး အသင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဆုချီးမြှင့်ပြီးတော့ အမှတ်တရ ပိတ်ပွဲအခမ်းအနားကိုလည်းပဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီလိုကျင်းပဆောင်ရွက်ပြီးတဲ့အခါမှာ ခုနတုန်းက ရွှေတံဆိပ် (၂၄)ခု၊ ငွေတံဆိပ်(၂၆)ခု၊ ကြေးတံဆိပ်(၂၉)ခု ရရှိခဲ့တဲ့ အားကစားသမား မောင်မယ်တွေနဲ့ အုပ်ချုပ်သူ၊ နည်းပြတွေကိုလည်းပဲ အလှူရှင်တွေနဲ့ အားကစားအဖွဲ့ချုပ်တွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ကျွန်တော်တို့ ချက်ချင်းပဲ နောက်တစ်ရက်မှာ ဂုဏ်ပြုဆုငွေတွေကိုလည်း ချီးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဥ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။　　။ အစီအစဥ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ယနေ့ အစည်းအဝေးကို လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန် ပေးချက်အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေရဲ့ ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ညာဏစိုး ကနေပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း**
**အစီရင်ခံစာ**

**စာအမှတ်၊ ၁/အမ(ကော်မတီ ၁)၁/၂၀၁၉** - ၀၆၆

**ရက်စွဲ၊ ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၁ ရက်**

၁။ ကျွန်တော်တို့ ကော်မတီအနေနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၅-၁-၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ဒီအစီရင်ခံစာအပေါ်မှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က ဆရာ ဦးမောင်မောင်အုန်း ကနေပြီးတော့ ၂-၂-၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ ကျွန်တော်တို့ ကော်မတီဟာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်ပညာရှင်တွေနဲ့ ၆-၂-၂၀၁၉ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေး ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ လေ့လာတွေ့ရှိချက်တွေကို တင်ပြရမယ်ဆိုရင်တော့ -

(က) ကျွန်တော်တို့ မူလ အဓိပ္ပာယ်ဖွင့်ဆိုချက် Definition ဖြစ်တဲ့ အင်ဂျင်နီယာ၊ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနဲ့ နည်းပညာကျွမ်းကျင်သူဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ပိုပြီးတော့ ဥပဒေနဲ့ အကျုံးဝင်အောင်လို့ မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူနဲ့ မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလို့ ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်တွေနဲ့ လိုက်လျောညီထွေ ဖြစ်အောင်လို့ မူလဥပဒေ အပေါ်မှာ သုံးနှုန်းထားတဲ့ ဒီစကားရပ်တွေ ပါဝင်နေတဲ့ ပုဒ်မ၊ ပုဒ်မခွဲတွေကိုလည်း တစ်ပါတည်း ပြင်ဆင်ရန် လိုအပ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မူလ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)(င)(ဇ)(ဈ)၊ ပုဒ်မ ၃၁ ရဲ့ ခြေဆင်း၊

ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၉ တို့မှာလည်း တစ်ပြေးညီဖြစ်စေဖို့ ပြင်ဆင်ရန် လိုအပ်ကြောင်း ညှိနှိုင်း သဘောတူညီခဲ့ပါတယ်။

(ခ) နောက်တစ်ခါ ကျွန်တော်တို့ ဥပဒေတစ်ရပ်လုံးမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနလို့ တချို့နေရာတွေမှာ သုံးပါတယ်။ တချို့နေရာတွေမှာတော့ အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနလို့ သုံးပါတယ်။ အဲဒီတော့ ဒီစကားရပ်တွေ အကုန်လုံးကိုလည်း တစ်ပြေးညီဖြစ်သွားအောင်လို့ အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာနလို့ သုံးနှုန်းဖို့ လိုအပ်လာပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၊ နောက်တစ်ခါ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ည) နောက်တစ်ခါ ကျွန်တော်တို့ (ဋ)၊ (ဌ)တို့မှာ ဒါ အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်းကို တင်ပြအပ်ပါတယ်။

(ဂ) နောက်အရေးကြီးတဲ့အချက်ကတော့ အင်ဂျင်နီယာကောင်စီမှာ ပါဝင်တဲ့ အင်ဂျင်နီယာ ပညာရပ်တွေဟာ များသောအားဖြင့်တော့ ဆောက်လုပ်ရေးလုပ်ငန်းများနဲ့ Construction နဲ့ နီးနွယ်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ ရေကြောင်းအင်ဂျင်နီယာတွေ အတွက်ဆိုရင်တော့ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်(IMO)က အသိအမှတ်ပြု လက်မှတ် ထုတ်ပေးပါတယ်။ ဒီလိုပါပဲ လျှပ်စစ်အင်ဂျင်နီယာတွေအတွက်လည်း သီးခြား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးတာတွေ ရှိပါတယ်။ ဒီလို သီးခြား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးတဲ့ အင်ဂျင်နီယာပညာရပ်တွေ နယ်ပယ် တွေနဲ့ ဒီဥပဒေနဲ့ အကျုံးမဝင်ဘူးဆိုတာကို သီးသီးခြားခြား ခွဲခြားသတ်မှတ်ပေးဖို့ လိုပါ တယ်။ ဒါကြောင့်မို့လို့ မူလ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(စ)၏နောက်မှာ ပုဒ်မခွဲ (ဆ)ကို အသစ်ဖြည့်စွက်ဖို့ လိုအပ်လာပါတယ်။ အသစ်ဖြည့်စွက်မယ့် အချက်ကတော့ တာဝန်ခံဝန်ကြီးဌာနနဲ့ အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်တဲ့ ပြည်ထောင်စု ဝန်ကြီးဌာနတို့ ညှိနှိုင်းသတ်မှတ်ချက်အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရာတွင် အကျုံးဝင်သည့် အင်ဂျင်နီယာပညာရပ်များကို အခါအားလျော်စွာ သတ်မှတ် ထုတ်ပြန်ခြင်းလို့ အသစ်ဖြည့်စွက်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း အချို့သော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့တာ ရှိပါတယ်။ တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ဒီစာကြောင်း တစ်ကြောင်းတည်းမှာပဲ 'နှင့်' ဆိုတဲ့ စကားရပ်(၂)ခု ပါနေပါတယ်။ ဒါဟာ မြန်မာစာ ရေးထုံး၊ ဥပဒေရေးထုံးနဲ့ ညီပါ့မလားလို့ ဒါစိတ်ပူပန်ပြီးတော့ တင်ပြတာရှိပါတယ်။ Definition အရ ကျွန်တော်တို့ က ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ တာဝန်ခံဝန်ကြီး ဌာန ဆိုတဲ့ Focal Ministry က ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ အင်ဂျင်နီယာလုပ်ငန်းနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေကတော့ စက်မှုဝန်ကြီးဌာနတို့၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနတို့ အစရှိသဖြင့်ပေါ့။ အင်ဂျင်နီယာ လုပ်ငန်းရပ်တွေနဲ့ သက်ဆိုင်တဲ့ အခြား အခြားသော ဝန်ကြီးဌာနတွေ ဖြစ်ပါတယ်။

ကြားထဲက 'နှင့်' ကတော့ and ဖြစ်ပါတယ်။ ဒီ (၂)ခုကို အခြားသော ဝန်ကြီးဌာနများနဲ့ တာဝန်ခံဝန်ကြီးဌာနနဲ့ ချိတ်ဆက်ထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီနေရာမှာ တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ဆိုတဲ့ စကားရပ်(၂)ခုဟာ ဝန်ကြီးဌာနနှစ်မျိုးနှစ်စားကို ချိတ်ဆက်ထားတာဖြစ်တဲ့အတွက် ဒီလိုသုံးနှုန်းထားခြင်းဖြစ်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါ့မယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးမောင်မောင်အုန်း၊ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က တာဝန်ရှိပုဂ္ဂိုလ်တွေ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ပညာရှင်တွေနဲ့ အသေးစိတ်ညှိနှိုင်း ဆွေးနွေးသဘောတူညီခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက မူလ ကျွန်တော်တို့ ၂၅-၁-၂၀၁၉ မှာတင်ပြထားတဲ့ ပြင်ဆင်ချက်များနှင့် ယနေ့ ထပ်မံတင်ပြတဲ့ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကတော့ -

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

( ၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဤခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက် ချက်ဖြစ်သော -

အပိုဒ် ၂၊ အပိုဒ် ၃ ၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ တို့ကို အတည်ပြုပေးပါရန် လွှတ်တော် ကို တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်သော -

အပိုဒ် ၇ တွင် ဖော်ပြထားတဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ခြေဆင်း၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)ခြေဆင်း၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က) တို့ကို အတည်ပြုပေးပါရန် လွှတ်တော်ကို တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ တွင် ဖော်ပြထားသော ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ခြေဆင်း၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)ခြေဆင်း၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်သော -

အပိုဒ် ၈ တွင် ဖော်ပြထားသည့် ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ တွင် ဖော်ပြထားသော ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ **တို့ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။**

**ဥက္ကဋ္ဌ**။　　။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ဖြစ်တဲ့ -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃ ကို ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။ ဤပယ်ဖျက်ချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။　　။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားတဲ့ အပိုဒ် ၁ ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော်က ယခုပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ဥပဒေကြမ်းရဲ့ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်

မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၂၃ နာရီ အချိန်တွင် ရပ်နားပါသည်။]